မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၁၉ ] ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် ( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက် )

**မြန်မာနိုင်ငံလူမှုရေးသိပ္ပံအကယ်ဒမီ (Myanmar Academy of Social Science-MASS) ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပြည်သူ့ရေးရာမူဝါဒနှင့် စီမံကိန်းများရေးဆွဲချမှတ်နိုင်ရန် လိုအပ်သော သုတေသနများ၊ လေ့လာမှုများဆောင်ရွက်ရန်၊ နိုင်ငံတော်၏လိုအပ်ချက်၊ ပြည်သူတို့၏ လိုအပ်ချက်နှင့် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စများတွင် အကြံပြုသုံးသပ်ချက်များပေးရန်၊ နိုင်ငံတော်၏ မူဝါဒရေးရာကိစ္စရပ်များတွင် အထောက်အထားအခြေပြုအကြံဉာဏ်များပေးရန်နှင့် အရည်အသွေးပြည့်မီသော သုတေသနဝန်ထမ်းများ၊ ပညာရှင်များနှင့် အလားအလာရှိသော မျိုးဆက်သစ်သုတေသီများ မွေးထုတ်ပေးနိုင်ရန်အတွက် **"မြန်မာနိုင်ငံလူမှုရေးသိပ္ပံအကယ်ဒမီ (Myanmar Academy of Social Science-MASS)"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) **နာယက/အကြံပေးအဖွဲ့**

(၁) ဒေါက်တာထွန်းရှင်
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၂) ပါမောက္ခဒေါက်တာသန်းညွန့်
ဥက္ကဋ္ဌ (ငြိမ်း)
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

(၃) ပါမောက္ခဒေါက်တာတင်အောင်အေး
အဖွဲ့ဝင် (ငြိမ်း)
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(၄) ပါမောက္ခဒေါက်တာမြတ်သိန်း
ပါမောက္ခချုပ် (ငြိမ်း)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

(၅) ပါမောက္ခဒေါက်တာမော်သန်း
ပါမောက္ခချုပ် (ငြိမ်း)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

(၆) ပါမောက္ခဒေါက်တာဒေါ်ရီရီမြင့်
ပါမောက္ခ/ဌာနမှူး (ငြိမ်း)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

(၇) ပါမောက္ခဒေါက်တာသက်လွင်
ပါမောက္ခ/ဌာနမှူး (ငြိမ်း)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

(၈) ပါမောက္ခဒေါက်တာဒေါ်သန်းနွဲ့
ပါမောက္ခ/ဌာနမှူး (ငြိမ်း)
ရန်ကုန်တက္ကသိုလ်

(ခ) **အလုပ်အမှုဆောင်အဖွဲ့**

| | |
|---|---|
| (၁) ပါမောက္ခဒေါက်တာကံဇော်<br>ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ပါမောက္ခဒေါက်တာဒေါ်ခင်စန်းရီ<br>ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) ဒေါက်တာတင်မောင်မောင်သန်း<br>Senior Research Fellow,<br>Institute of South-East Asian Studies, Singapore | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) ပါမောက္ခဒေါက်တာမောင်မောင်အေး<br>ဒုတိယပါမောက္ခချုပ် (ငြိမ်း)<br>ဒဂုံတက္ကသိုလ် | ဒုတိယဥက္ကဋ္ဌ (၃) |
| (၅) ပါမောက္ခဒေါက်တာတင်မောင်မောင်အုန်း<br>ပါမောက္ခ/ဌာနမှူး (ငြိမ်း)<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင်<br>(လူမှုရေးသိပ္ပံ<br>ဌာနကြီး တာဝန်) |
| (၆) ဒေါက်တာမြင့်သိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင်<br>(လူသားသိပ္ပံ<br>ဌာနကြီး တာဝန်) |
| (၇) ပါမောက္ခဒေါက်တာဒေါ်တင်လှုကြည်<br>ပါမောက္ခ/ဌာနမှူး (ငြိမ်း)<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင်<br>(နိုင်ငံတကာမူဝါဒ<br>လေ့လာမှုဌာနကြီး တာဝန်) |
| (၈) ပါမောက္ခဒေါက်တာကျော်မင်းထွန်း<br>ဒါရိုက်တာအဖွဲ့ဝင်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင်<br>(ဒေသန္တရ/နယ်မြေဒေသ<br>လေ့လာမှုဌာနကြီး တာဝန်) |

၂။ "မြန်မာနိုင်ငံလူမှုရေးသိပ္ပံအကယ်ဒမီ" ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်စသည့် လူမှုဘဝ ရှုထောင့်ပေါင်းစုံနှင့်ပတ်သက်၍ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးတိုးတက်မှုနှင့် ယဉ်ကျေးမှု၊ လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင်ပြဿနာများကြား ပတ်သက်ဆက်နွှယ်မှု၊ သက်ရောက်မှုများကို လေ့လာခြင်း။

(ဂ) နိုင်ငံတကာရေးရာကိစ္စရပ်များ မျက်မှောက်ခေတ် ကမ္ဘာ့အပြောင်းအလဲများ၏ သဘောသဘာဝ၊ သွင်ပြင်လက္ခဏာရပ်များနှင့် အလားအလာတို့ကို လေ့လာမှုမြှင့်တင်ဆောင်ရွက်ခြင်း။

(ဃ) မျက်မှောက်ခေတ်ဖွံ့ဖြိုးရေးသီအိုရီများ အဆင့်ဆင့်တိုးတက်လာမှု အလားအလာကို လေ့လာခြင်း။

(င) မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဖွံ့ဖြိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် သီအိုရီနှင့် လက်တွေ့ပိုင်းဆိုင်ရာများလေ့လာခြင်း။

(စ) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်၊ တန်ဖိုးထားမှုတို့ကို ကာကွယ်ထိန်းသိမ်းရန်၊ မြှင့်တင်ရန်နှင့် ယဉ်ကျေးမှုစံတန်ဖိုးများ တည်ဆောက်ရန်အတွက် လေ့လာမှုများ ဆောင်ရွက်ခြင်း။

(ဆ) လူသားဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ အခြေခံ ကျသော သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(ဇ) ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျှော့ချခြင်းတို့နှင့်စပ်လျဉ်း၍ လေ့လာ ဆန်းစစ်မှုများ ပြုလုပ်ခြင်း။

(ဈ) အမျိုးသားအကျိုးစီးပွားအား သက်ရောက်စေနိုင်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာရပ်များကို လေ့လာဆန်းစစ်ခြင်း။

(ည) ဒေသန္တရကွင်းဆက်များနှင့် ဒေသန္တရစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကိုလေ့လာခြင်း။

(ဋ) သုတေသနဆွေးနွေးပွဲများ၊ ကွန်ဖရင့်များနှင့် စားပွဲဝိုင်းဆွေးနွေးပွဲများကို ဦးဆောင် ဆောင်ရွက် ပေးခြင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက် )

**စစ်ဆေးရေးမှူးချုပ် ခန့်အပ်တာဝန်ပေးခြင်းကို ပယ်ဖျက်ခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၅/၂၀၁၆ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒ) ဦးထင်ကျော်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စစ်ဆေးရေးမှူးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက် )

**မြန်မာနိုင်ငံလူမှုရေးသိပ္ပံအကယ်ဒမီ (Myanmar Academy of Social Science-MASS) ဖျက်သိမ်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၈/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံလူမှုရေးသိပ္ပံအကယ်ဒမီ (Myanmar Academy of Social Science-MASS) သည် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်သင့်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ရွှေအား မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက် )

**စစ်ဆေးရေးမှူးချုပ် ခန့်ထားခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥပဒေပုဒ်မ ၃၇ အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒ) ဦးထင်ကျော်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေး

ကော်မရှင် စစ်ဆေးရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထား လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးအောင်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်ငွေကြေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ခ) | ဒေါ်သန်းသန်းဆွေ<br>ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြပ်မတ်ကွပ်ကဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရား များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးမြဝင်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (ခ) | ဦးနိုင်ကြည်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ဂ) | ဦးစောဂျွန်ရွှေဘ<br>အထွေထွေမန်နေဂျာ(သစ်ထုတ်ရေးဌာန)<br>မြန်မာ့သစ်လုပ်ငန်း<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီးဌာန |
| (ဃ) | ဦးရန်နိုင်ထွန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (င) | ဦးမင်းမင်းဦး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>သတ္တုတွင်းဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်<br>ရောင်းဝယ်ရေးလုပ်ငန်း<br>သတ္တုတွင်းဝန်ကြီးဌာန |
| (စ) | ဦးကျော်ထင်<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်သမ္မတရုံး

## ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် ၁/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက် )

## အရေးပေါ်အခြေအနေကြေညာချက် ရုပ်သိမ်းခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အခြေအနေပေါ်ပေါက်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂၊ ပုဒ်မခွဲ (က) အရ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၁၂ ဖြင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ပါသည်။

၂။ ယခုအခါ ရခိုင်ပြည်နယ်အတွင်း၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အခြေအနေမရှိတော့ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏တင်ပြချက်အရ တွေ့ရှိရသဖြင့် ရခိုင်ပြည်နယ်အတွင်း အရေးပေါ်အခြေအနေကြေညာခဲ့သည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၁၂ ကို ယနေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ကျောင်းအုပ်ကြီး ဦးတင်ဦးအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက် )

**ညွှန်ကြားရေးမှူးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းအား ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက် ညနေပိုင်းမှစ၍ မိမိသဘောဆန္ဒအလျောက် ညွှန်ကြားရေးမှူးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက် )

**အဖွဲ့အစည်းများ ဖျက်သိမ်းခြင်း**

နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခဲ့သည့် အောက်ပါအဖွဲ့အစည်းများကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်ပါသည် -

(၁) အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့

(၂) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ

(၃) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ
(၄) နိုင်ငံခြားရေးရာမူဝါဒကော်မတီ
(၅) အမျိုးသားပညာရေးကော်မတီ
(၆) အမျိုးသားကျန်းမာရေးကော်မတီ
(၇) နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးဦးစီးကော်မတီနှင့် အထောက်အကူပြုအဖွဲ့
(၈) စီမံကိန်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
(၉) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်
(၁၀) စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
(၁၁) လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ
(၁၂) မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ
(၁၃) မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ
(၁၄) ဥပဒေအကြံပေးအဖွဲ့
(၁၅) ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ
(၁၆) မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့
(၁၇) မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ
(၁၈) အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ
(၁၉) မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ
(၂၀) စီးပွားရေးလုပ်ငန်းများအား ချေးငွေထုတ်ချေးရန်စိစစ်ရေးအဖွဲ့
(၂၁) CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ
(၂၂) မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ
(၂၃) စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေပြန်လည်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ
(၂၄) နိုင်ငံတော်ပိုင်ဆက်သွယ်ရေးဂြိုဟ်တုလွှတ်တင်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ
(၂၅) နိုင်ငံတော်ပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေးဦးဆောင်ကော်မတီ
(၂၆) ထားဝယ်အထူးစီးပွားရေးဇုန်အထောက်အကူပြုလုပ်ငန်းအဖွဲ့ (ယာယီ)
(၂၇) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့
(၂၈) မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ
(၂၉) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့
(၃၀) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ
(၃၁) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ
(၃၂) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီ
(၃၃) နေပြည်တော်ကောင်စီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း ကော်မတီ
(၃၄) တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်ကောင်စီလုံခြုံရေးကော်မတီများ
(၃၅) တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး နာယကအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ
(၃၆) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လော့ယန်မြို့တွင် ရွှေတိဂုံပုံတူစေတီတည်ထားရန်နှင့် ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ရန် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ
(၃၇) မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ
(၃၈) ဗုဒ္ဓမြတ်စွယ်တော်အလှူခံရရှိသော လက်ကျန်ငွေ၊ လက်ဝတ်ရတနာများ ထိန်းသိမ်းထုတ်ပေး လွှဲပြောင်းလှူဒါန်းရေးကော်မတီ

(၃၉) ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ
(၄၀) ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ
(၄၁) စီမံကိန်းကော်မရှင်
(၄၂) တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၊ ခရိုင်နှင့် မြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများနှင့် နိုင်ငံခြားအကူအညီအထောက်အပံ့များ စိစစ်ကြီးကြပ်ရေးဆပ်ကော်မတီများ
(၄၃) နိုင်ငံခြားအကူအညီအထောက်အပံ့စီမံခန့်ခွဲရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အမျိုးသား စီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ
(၄၄) နိုင်ငံခြားသားများ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ
(၄၅) မြေယာခွဲဝေအသုံးချမှုစိစစ်ဆောင်ရွက်ရေးကော်မတီ
(၄၆) မြန်မာ-လာအိုချစ်ကြည်ရေး (မဲခေါင်မြစ်ကူး) တံတားတည်ဆောက်ရေးဗဟိုကော်မတီ
(၄၇) ပြည်ထောင်စုအစိုးရအဖွဲ့ နည်းဥပဒေများ (မူကြမ်း) ရေးဆွဲရေးအဖွဲ့
(၄၈) စုံစမ်းစစ်ဆေးရေးကော်မရှင် (ရခိုင်ပဋိပက္ခဖြစ်ပွားမှု)
(၄၉) ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ
(၅၀) ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများ
(၅၁) စုံစမ်းစစ်ဆေးရေးကော်မရှင် (မောင်တောမြို့၊ ဒုချီးရားတန်း)
(၅၂) စုံစမ်းစစ်ဆေးရေးအဖွဲ့ (စစ်တွေမြို့အကြမ်းဖက်မှု)
(၅၃) ပြည်ထောင်စုအဆင့်အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ (Union Level Emergency Coordination Centre)
(၅၄) စိစစ်ရေးအဖွဲ့ (ရေမျောဒုက္ခသည်) (မောင်တော၊ ဖျာပုံ)
(၅၅) ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေး ဗဟိုကော်မတီ
(၅၆) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့် (Permanent Residence System) (PR) စနစ် စီမံခန့်ခွဲမှုကော်မတီ
(၅၇) ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓပြတိုက်အား အဆင့်မြင့် အသစ်ဆောက်လုပ်ရန် နာယကအဖွဲ့နှင့် ဦးစီးကော်မတီ
(၅၈) ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီ၊ ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် ဆပ်ကော်မတီများ
(၅၉) မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (Myanmar Peace Center)
(၆၀) စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ
(၆၁) စုံစမ်းစစ်ဆေးရေးကော်မရှင် (လက်ပံတောင်းတောင်)
(၆၂) လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ
(၆၃) တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး ဦးဆောင်ကော်မတီ
(၆၄) World Economic Forum on East Asia 2013, Myanmar ကျင်းပရေး ဦးဆောင်ကော်မတီ
(၆၅) တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကျင်းပရေး ဦးစီးကော်မတီ
(၆၆) လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ

(၆၇) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ
(၆၈) အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနှင့် စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
(၆၉) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ
(၇၀) နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ
(၇၁) နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီ
(၇၂) အမျိုးသားအရေးပေါ်အခြေအနေ ကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီ
(၇၃) အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟိုကော်မတီ
(၇၄) တိုင်းဒေသကြီး/ပြည်နယ် အရေးပေါ်ကာလစီမံခန့်ခွဲရေး ကော်မတီများ
(၇၅) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ
(၇၆) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ
(၇၇) စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ
(၇၈) အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ
(၇၉) ကျေးလက်ဒေသလျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးကော်မတီ
(၈၀) Myanmar - EU Contact Group
(၈၁) ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့
(၈၂) ငွေလဲလှယ်ခြင်းထိန်းချုပ်ရေးဥပဒေကြမ်း ရေးဆွဲရေးကော်မတီ
(၈၃) ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ
(၈၄) နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီ
(၈၅) ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီ
(၈၆) ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ
(၈၇) နိုင်ငံခြားဘဏ်များရွေးချယ်ရေးအဖွဲ့
(၈၈) စုံစမ်းစစ်ဆေးရေးအဖွဲ့ (ရာဇာမင်း)
(၈၉) အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council - NRSC)
(၉၀) ကိုးကန့်ဒေသတရားဥပဒေစိုးမိုးရေးအဖွဲ့
(၉၁) ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီ
(၉၂) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ
(၉၃) နိုင်ငံတော်၏ ဘဏ္ဍာငွေသုံးစွဲမှုစနစ်တကျဖြစ်စေရေး ကြီးကြပ်မှုကော်မတီ
(၉၄) ငွေကြေးဖောင်းပွမှုနှုန်း လေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့
(၉၅) လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ
(၉၆) အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးအမှုဆောင်ကော်မတီ (National Electrification Executive Committee)
(၉၇) ပျူမြို့ဟောင်း (၃) မြို့ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (Committee for the Management of Three Pyu Ancient Cities)
(၉၈) Open Government Partnership (OGP) အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ
(၉၉) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ

(၁၀၀) ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့်ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ် အကြံပြုရေးကော်မရှင်

(၁၀၁) စုံစမ်းစစ်ဆေးရေးကော်မရှင် (အမျိုးသားပညာရေးဥပဒေ)

(၁၀၂) စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာ အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ

(၁၀၃) ရှမ်းပြည်နယ်၊ ပါလျှီး-ကျိုင်းလတ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ကြီးကြပ်မှု ကော်မတီ

(၁၀၄) ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေး ကော်မတီ

(၁၀၅) နယ်စပ်ဖြတ်ကျော်တံတားများ အသုံးပြုမှု မူဝါဒများချမှတ်ရေးဆိုင်ရာ ဗဟိုကော်မတီ

(၁၀၆) မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းကျဆင်းရေး စီမံခန့်ခွဲမှုကော်မတီ

(၁၀၇) ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် Infrastructure များ တည်ဆောက်ရန် မြေရာအသုံးပြုမှု စီမံခန့်ခွဲရေးကော်မတီ

(၁၀၈) ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စာချုပ်စာတမ်းများ (PSC) ချုပ်ဆိုပြီး ဆောင်ရွက်သည့် လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ

(၁၀၉) အမျိုးသားအရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီ

(၁၁၀) အမျိုးသားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ

(၁၁၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပရေးဗဟိုကော်မတီ

(၁၁၂) ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စီမံခန့်ခွဲမှုကော်မတီ

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် ၁/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

၁။ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင်ကျင်းပသော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

၂။ သို့ပါ၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ ဦးထင်ကျော်အား ပြည်ထောင်စု လွှတ်တော်တွင် ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ကတိသစ္စာပြုပြီးသည့် အချိန်မှစ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လွှဲပြောင်း ပေးအပ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် ၁/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

## ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုအစိုးရအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးထင်ကျော် | နိုင်ငံတော်သမ္မတ |
| (၂) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ |
| (၃) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ |
| (၄) | ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန<br>သမ္မတရုံးဝန်ကြီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့်<br>ပညာရေးဝန်ကြီးဌာန |
| (၅) | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၆) | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (၇) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၈) | ဒေါက်တာဖေမြင့် | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၉) | သူရဦးအောင်ကို | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၁၀) | ဒေါက်တာအောင်သူ | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၁၁) | ဦးသန့်စင်မောင် | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၁၂) | ဦးအုန်းဝင်း | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၁၃) | ဦးသိန်းဆွေ | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၁၄) | ဦးခင်မောင်ချို | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန |

| | | |
|---|---|---|
| (၁၅) | ဒေါက်တာသန်းမြင့် | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၁၆) | ဒေါက်တာမြင့်ထွေး | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၁၇) | ဦးကျော်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၁၈) | ဦးဝင်းခိုင် | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၁၉) | ဒေါက်တာဝင်းမြတ်အေး | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (၂၀) | ဦးအုန်းမောင် | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |
| (၂၁) | နိုင်သက်လွင် | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားရေးရာဝန်ကြီးဌာန |
| (၂၂) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | **(အမည်စာရင်းထပ်မံကြေညာပါမည်)** |
| (၂၃) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အတွင်းရေးမှူး |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## ကြေညာချက်အမှတ် ၂/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

### အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးထင်ကျော် | နိုင်ငံတော်သမ္မတ |
| (ခ) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ |
| (ဂ) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ |
| (ဃ) | ဦးဝင်းမြင့် | ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (င) | မန်းဝင်းခိုင်သန်း | ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (စ) | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် | တပ်မတော်ကာကွယ်ရေးဦးစီးချုပ် |
| (ဆ) | ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း | ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် |

| | | |
|---|---|---|
| (ဇ) | ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (စျ) | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (ည) | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (ဋ) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ အတွင်းရေးမှူးသည် ရာထူးအလျောက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ အတွင်းရေးမှူး ဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## ကြေညာချက်အမှတ် ၃/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

### နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ **“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးမျိုးညွန့် | ဥက္ကဋ္ဌ |
| (၂) | ဦးညီညီ | အဖွဲ့ဝင် |
| (၃) | ဦးမြင့်ဝင်း | အဖွဲ့ဝင် |
| (၄) | ဦးမျိုးမြင့် | အဖွဲ့ဝင် |
| (၅) | ဦးခင်မောင်ချို | အဖွဲ့ဝင် |
| (၆) | ဒေါ်ခင်ဌေးကြွယ် | အဖွဲ့ဝင် |
| (၇) | ဦးတွာလ်ကျင်ပေါင် | အဖွဲ့ဝင် |
| (၈) | ဒေါ်လှမျိုးနွယ် | အဖွဲ့ဝင် |
| (၉) | ဦးကျော်ဆန်း | အဖွဲ့ဝင် |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် ၄/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးလှသိန်း | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်မြင့် | အဖွဲ့ဝင် |
| (၃) | ဦးစိုးရယ် | အဖွဲ့ဝင် |
| (၄) | ဦးထွန်းခင် | အဖွဲ့ဝင် |
| (၅) | ဦးလှတင့် | အဖွဲ့ဝင် |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမျိုးညွန့်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးလှသိန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာန အသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန<br>သမ္မတရုံးဝန်ကြီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့်<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၃) | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (၄) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၅) | ဒေါက်တာဖေမြင့် | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၆) | သူရဦးအောင်ကို | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |

(၇) ဒေါက်တာအောင်သူ — ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၈) ဦးသန့်စင်မောင် — ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၉) ဦးအုန်းဝင်း — ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

(၁၀) ဦးသိန်းဆွေ — ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၁) ဦးခင်မောင်ချို — ပြည်ထောင်စုဝန်ကြီး
စက်မှုဝန်ကြီးဌာန

(၁၂) ဒေါက်တာသန်းမြင့် — ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၁၃) ဒေါက်တာမြင့်ထွေး — ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(၁၄) ဦးကျော်ဝင်း — ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၅) ဦးဝင်းခိုင် — ပြည်ထောင်စုဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၆) ဒေါက်တာဝင်းမြတ်အေး — ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၇) ဦးအုန်းမောင် — ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၁၈) နိုင်သက်လွင် — ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားရေးရာဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၄/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဒေါက်တာခက်အောင် | ကချင်ပြည်နယ် |
| (၂) | ဦးအယ်လ်ဖောင်းရှို | ကယားပြည်နယ် |
| (၃) | ဒေါ်နန်းခင်ထွေးမြင့် | ကရင်ပြည်နယ် |
| (၄) | ဦးဆလိုင်းလျန်လွယ် | ချင်းပြည်နယ် |
| (၅) | ဒေါက်တာမြင့်နိုင် | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဒေါက်တာလဲ့လဲ့မော် | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဦးဝင်းသိန်း | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဒေါက်တာအောင်မိုးညို | မကွေးတိုင်းဒေသကြီး |
| (၉) | ဒေါက်တာဇော်မြင့်မောင် | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဦးမင်းမင်းဦး | မွန်ပြည်နယ် |
| (၁၁) | ဦးညီပု | ရခိုင်ပြည်နယ် |
| (၁၂) | ဦးဖြိုးမင်းသိန်း | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဒေါက်တာလင်းထွဋ် | ရှမ်းပြည်နယ် |
| (၁၄) | ဦးမန်းဂျော်နီ | ဧရာဝတီတိုင်းဒေသကြီး |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၅/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၇) နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးညီညီ
(၂) ဦးမြင့်ဝင်း
(၃) ဦးမျိုးမြင့်
(၄) ဦးခင်မောင်ချို

(၅) ဒေါ်ခင်ဌေးကြွယ်

(၆) ဦးတွာလ်ကျင်ပေါင်

(၇) ဒေါ်လှမျိုးနွယ်

(၈) ဦးကျော်ဆန်း

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၆/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၈) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးအောင်မြင့်

(၂) ဦးစိုးရယ်

(၃) ဦးထွန်းခင်

(၄) ဦးလှတင့်

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၇/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) တို့ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) **ကချင်ပြည်နယ်**

(က) ဦးခင်မောင်မြင့် (ခ) ဦးဒိတ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(ခ) ဦးစိုင်းစိန်လင်း ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(ဂ) ဦးအားတီယောဟန် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(ဃ) ဦးရန်နမ်းဖုန် ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၂) **ကယားပြည်နယ်**

(က) ဦးလှမျိုးဆွေ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၃) **ကရင်ပြည်နယ်**

(က) ဦးတေဇထွန်းလှိုင်ထွေး ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(ခ) ဦးမင်းတင်ဝင်း မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(ဂ) ဦးခွန်မျိုးတင့် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၄) **စစ်ကိုင်းတိုင်းဒေသကြီး**

(က) ဒေါ်မွှေးမွှေးခင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(ခ) ဦးလာလ်ထောင်ထန်း ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၅) **တနင်္သာရီတိုင်းဒေသကြီး**

(က) ဦးစောလုကာ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၆) **ပဲခူးတိုင်းဒေသကြီး**

(က) ဒေါ်နော်ပွယ်ဆေး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၇) **မကွေးတိုင်းဒေသကြီး**

(က) ဦးလှထွန်း ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၈) **မန္တလေးတိုင်းဒေသကြီး**

(က) ဦးစိုင်းကျော်ဇော ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၉) **မွန်ပြည်နယ်**

(က) ဦးရွှေမြင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(ခ) ဒေါ်စံဝင့်ခိုင် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(ဂ) ဦးအောင်မြင့်ခိုင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၁၀) **ရခိုင်ပြည်နယ်**

(က) ဦးပုန်ဘွေ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၁၁) **ရန်ကုန်တိုင်းဒေသကြီး**

(က) ဒေါ်ပန်းသဥ္စာမျိုး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(ခ) ဦးဇော်အေးမောင် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၁၂) **ရှမ်းပြည်နယ်**

| | | |
|---|---|---|
| (က) | ဒေါက်တာအောင်သန်းမောင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ခ) | ဦးဇုတ်ဒေါင် | ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ဂ) | ဦးဂူဆာ | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ဃ) | ဦးယောသပ် | လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (င) | ဦးအာဖေလှ | အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (စ) | ဒေါက်တာထွန်းလှိုင် | အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ဆ) | ဦးခွန်အေးမောင် | ကယန်း (ခ) ပဒေါင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာန |

(၁၃) **ဧရာဝတီတိုင်းဒေသကြီး**

| | | |
|---|---|---|
| (က) | ဂျဲမိုးမြတ်မြတ်သူ | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ခ) | ဦးတင်စော | ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက် )

**စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုပဗေဒလုပ်ငန်းနှင့်** Ava Kahyasi Investments Pte., Ltd.၊ **မြန်မာတိုင်းရင်းသားပိုင်** Same Sky Construction Company Ltd.၊ Guiding Star Group Ltd. **တို့ အကျိုးတူပူးပေါင်း၍** Asia AVA Gas Company Limited **အမည်ဖြင့် ရေနံဓာတ်ငွေ့ရည် သိုလှောင်စခန်းနှင့် ရေနံဓာတ်ငွေ့ရည် တင်/ချဆိပ်ကမ်းတည်ဆောက်မှု စီမံကိန်းဆောင်ရွက်သည့်ကိစ္စ**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုပဗေဒလုပ်ငန်းနှင့် စင်ကာပူနိုင်ငံအခြေစိုက် Ava Kahyasi Investments Pte., Ltd. ၊ မြန်မာတိုင်းရင်းသားပိုင် Same Sky Construction Company Ltd.၊ Guiding Star Group Ltd. တို့အကြား ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်အတွင်း ကုမ္ပဏီပိုင်မြေနေရာ၌ ရေနံဓာတ်ငွေ့ရည်သိုလှောင်စခန်းနှင့် ရေနံဓာတ်ငွေ့ရည် တင်/ချဆိပ်ကမ်းတည်ဆောက်မှုစီမံကိန်းကို နိုင်ငံတော်၏စွမ်းအင်လိုအပ်ချက်အား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် Asia AVA Gas Company Limited အမည်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် ဖက်စပ်လုပ်ငန်း သဘောတူစာချုပ် ချုပ်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ရန် Joint Venture Agreement ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

၃။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်အတွင်း ကုမ္ပဏီပိုင်မြေနေရာ၌ ရေနံဓာတ်ငွေ့ရည်သိုလှောင်စခန်းနှင့် ရေနံဓာတ်ငွေ့ရည် တင်/ချ ဆိပ်ကမ်းတည်ဆောက်မှုစီမံကိန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ၏ ခွင့်ပြုချက်အရ ရေနံဓာတ်ငွေ့ရည်သိုလှောင်စခန်းနှင့် ရေနံဓာတ်ငွေ့ရည် တင်/ချဆိပ်ကမ်း တည်ဆောက်မှုစီမံကိန်းကို Asia AVA Gas Company Limited အမည်ဖြင့် လုပ်ငန်းစတင်ဆောင်ရွက်မည့် နေ့ရက်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၄။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အထက်ပါကုမ္ပဏီသည် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

၅။ အပိုဒ် ၃ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် စွမ်းအင်ဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အထူးကုန်စည်များ ပြည်ပမှတင်သွင်းခြင်းအတွက် ကောက်ခံရငွေမှအပ ဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အထူးကုန်စည်ခွန်ကောက်ခံရငွေ၏ ၁၅ ရာခိုင်နှုန်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည့်ရငွေအဖြစ် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ သတ်မှတ်လိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာအရ သတ်မှတ်ချက်သည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၁၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၃ နှင့် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ

၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၃၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၄၀/၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၅ တို့ဖြင့် ဖွဲ့စည်းခဲ့သည့် အောက်ဖော်ပြပါ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစတင်၍ ဖျက်သိမ်းလိုက်သည် -

(၁) နိုင်ငံရေးအကြံပေးအဖွဲ့၊
(၂) စီးပွားရေးအကြံပေးအဖွဲ့၊
(၃) ဥပဒေအကြံပေးအဖွဲ့၊
(၄) သာသနာရေးအကြံပေးအဖွဲ့၊
(၅) ကျန်းမာရေးအကြံပေးအဖွဲ့၊
(၆) ပညာရေးအကြံပေးအဖွဲ့။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက် )

**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ်**
**တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ် များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၅ အရ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သော ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်သည် သက်ပြည့်ပင်စင်ခံစားပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့် တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့် ဆိုင်ရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးတင်မြင့် သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များ အပြင် ဝန်ကြီးဌာနရုံး၏တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ များ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက် ရှိသော လစာနှင့် စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက် )

**အဖွဲ့အစည်းများဖျက်သိမ်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းပေးထားသော အောက်ဖော်ပြပါ ကော်မတီများနှင့် အဖွဲ့အစည်းများကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်ပါသည် -

၁။ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီ ပြန်လည်ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၁/၂၀၁၁

၂။ ရေကြောင်းသဘော်နှင့် ဆိပ်ကမ်းဆိုင်ရာလုံခြုံရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၂/၂၀၁၁

၃။ ဒုတိယမြောက် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားတည်ဆောက်ရေးအတွက် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၄/၂၀၁၁

၄။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၉/၂၀၁၁

၅။ နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ရောင်းဝယ်မှုအား ဥပဒေအရ ထိရောက်စွာ အရေးယူတားဆီးရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၁/၂၀၁၁

၆။ မြန်မာနိုင်ငံအမျိုးသား Cyber လုံခြုံရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၂/၂၀၁၁

၇။ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၅/၂၀၁၁

၈။ စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးကျင်းပရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၇/၂၀၁၁

၉။ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေး ကော်မတီ ပြန်လည်ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၉/၂၀၁၁

၁၀။ အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၃၀/၂၀၁၁

၁၁။ (၉၁) နှစ်မြောက် အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၃၆/၂၀၁၁

၁၂။ နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၃၇/၂၀၁၁

၁၃။ မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီနှင့် မြန်မာ-ထိုင်း မြို့နယ်အဆင့်နယ်ခြားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၄၃/၂၀၁၁

၁၄။ လယ်ယာမြေဥပဒေကြမ်းရေးဆွဲရေးကော်မရှင် ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၄၄/၂၀၁၁

၁၅။ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၄၅/၂၀၁၁

၁၆။ မြန်မာ-လာအို ဒေသဆိုင်ရာနယ်ခြားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၄၇/၂၀၁၁

၁၇။ အမျိုးသားအဆင့်လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၄၈/၂၀၁၁

၁၈။ ၂၀၁၂ ခုနှစ်၊ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၅၅/၂၀၁၁

၁၉။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၅၉/၂၀၁၁

၂၀။ မြန်မာ-ထိုင်း နယ်နိမိတ်မြစ်များဆိုင်ရာနည်းပညာကျွမ်းကျင်ကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁/၂၀၁၂

၂၁။ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂/၂၀၁၂

၂၂။ မြန်မာ-ထိုင်း ကုန်းနယ်နိမိတ်အငြင်းပွားနေရာများနှင့် ပတ်ချန်မြစ်ဝရှိ ကျွန်း (၃) ကျွန်းကိစ္စနှင့် ပတ်သက်၍ အထူးလုပ်ငန်းဦးစီးအဖွဲ့ (Special Task Force) နှင့် လက်အောက်ခံလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၃/၂၀၁၂

၂၃။ မန္တလေးမြို့ အဆင့်မြင့်ဘောလုံးကွင်းတည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၁/၂၀၁၂

၂၄။ ဧရာဝတီတံတား (စင်းခန်း) အနီး ရွှေသတ္တုတူးဖော်ဆောင်ရွက်နေခြင်းကိစ္စအား ကွင်းဆင်း စစ်ဆေးဖော်ထုတ်အရေးယူရေးကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ မတ်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၉/၂၀၁၂

၂၅။ အစမ္မခိုင်းစေမှုလုံးဝပပျောက်ရေး ပူးတွဲမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်း ကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၂၉/၂၀၁၂

၂၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း
(၂၀၁၂ ခုနှစ်၊ မေလနှင့် ဇွန်လအတွင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသောကိစ္စ)
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၄၃/၂၀၁၂

၂၇။ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၅၀/၂၀၁၂

၂၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း
(မကွေးတိုင်း၊ ချောက်မြို့ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ မီးလောင်ပေါက်ကွဲမှုဖြစ်စဉ်)
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၆၀/၂၀၁၂

၂၉။ (၉၂) နှစ်မြောက် အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၇၇/၂၀၁၂

၃၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း
(စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ချပ်ကြီးဘူတာအနီး ရထားလမ်းချော်တိမ်းမှောက်မှုနှင့် မီးလောင်ကျွမ်းမှုဖြစ်စဉ်)
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၇၉/၂၀၁၂

၃၁။ ၂၀၁၃ ခုနှစ်၊ (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၈၀/၂၀၁၂

၃၂။ Paris Club ကြွေးမြီများရှင်းလင်းရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၈၅/၂၀၁၂

၃၃။ မြဝတီကုန်သွယ်ရေးဇုန်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၆/၂၀၁၃

၃၄။ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၂၆/၂၀၁၃

၃၅။ အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၀/၂၀၁၃

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံခြားရေးရာမူဝါဒကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၃/၂၀၁၃

၃၇။ စီးပွားရေးရာကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၄/ ၂၀၁၃

၃၈။ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၅/ ၂၀၁၃

၃၉။ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၆/ ၂၀၁၃

၄၀။ ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီ (Reform Steering Committee) ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၅၅/၂၀၁၃

၄၁။ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၅၉/၂၀၁၃

၄၂။ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၆၇/၂၀၁၃

၄၃။ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၇၂/၂၀၁၃

၄၄။ ၂၀၁၄ ခုနှစ်၊ (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၇၃/၂၀၁၃

၄၅။ မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၇၄/၂၀၁၃

၄၆။ (၉၃) နှစ်မြောက် အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၇၅/၂၀၁၃

၄၇။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေရေးဆွဲရေး
ကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ် ၁၃၀/၂၀၁၃

၄၈။ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂/၂၀၁၄

၄၉။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရန် ထိန်းသိမ်းရေး ကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၃/၂၀၁၄

၅၀။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု သတင်းထုတ်ပြန်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၀/၂၀၁၄

၅၁။ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီများ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၂/၂၀၁၄

၅၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၃/၂၀၁၄

၅၃။ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့ (Task Force) အား ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၃၀/၂၀၁၄

၅၄။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၃၄/၂၀၁၄

၅၅။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၃၅/၂၀၁၄

၅၆။ ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်း (KIO/KIA)
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၄၇/၂၀၁၄

၅၇။ နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စိစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၄၈/၂၀၁၄

၅၈။ မီဒီယာဆိုင်ရာမူဝါဒကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၅၄/၂၀၁၄

၅၉။ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၅၇/၂၀၁၄

၆၀။ မြန်မာနိုင်ငံဆိုင်ရာ လူတစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ် အကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၇၈/၂၀၁၄

၆၁။ ၂၀၁၅ ခုနှစ်၊ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၈၈/၂၀၁၄

၆၂။ ဗိုလ်ရှုခံအခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၈၉/၂၀၁၄

၆၃။ အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၉၃/၂၀၁၄

၆၄။ (၉၄) နှစ်မြောက် အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၉၄/၂၀၁၄

၆၅။ နိုင်ငံရေးပါတီများမှ ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ပေးအပ်ခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၂၃/၂၀၁၄

၆၆။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း လေ့လာဆန်းစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၅/၂၀၁၅

၆၇။ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ရေး စိစစ်ဆောင်ရွက်နိုင်ရန် အတွက် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၄၃/၂၀၁၅

၆၈။ ကျေးရွာမြေများမြေငှားဂရန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၅၄/၂၀၁၅

၆၉။ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၅၇/၂၀၁၅

၇၀။ ပူးတွဲလုပ်ငန်းကော်မတီနှင့် ပူးတွဲအထောက်အကူပြုလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ
အမှတ်၊ ၆၅/၂၀၁၅

၇၁။ ကမ္ဘာ့ဘဏ်ချေးငွေစီမံကိန်းများမှ သဘာဝဘေးအန္တရာယ်အတွက် အရေးပေါ်ချေးငွေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီ
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၉၆/၂၀၁၅

၇၂။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၀၅/၂၀၁၅

၇၃။ ၂၀၁၆ ခုနှစ်၊ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၀၇/၂၀၁၅

၇၄။ အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၁၈/၂၀၁၅

၇၅။ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေး ဗဟိုကော်မတီ ပြန်လည်ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၂၁/၂၀၁၅

၇၆။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် နယ်မြေဒေသဖွံ့ဖြိုးမှုစီမံကိန်း Spatial Development Plan ရေးဆွဲအကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၂၂/၂၀၁၅

၇၇။ နေပြည်တော်ကောင်စီ နယ်မြေဒေသဖွံ့ဖြိုးမှုစီမံကိန်း Spatial Development Plan ရေးဆွဲ အကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၂၃/၂၀၁၅

၇၈။ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၂၇/၂၀၁၅

၇၉။ (၉၅) နှစ်မြောက် အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၂၉/၂၀၁၅

၈၀။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၆/၂၀၁၆

၈၁။ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၇/၂၀၁၆

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၆)၊ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေမှအဆက် ]**

၂၀။ မှတ်ပုံတင်ထားသော အိမ်ခန်းကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်သည့်အခါ လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံရရှိသူတို့သည် လွှဲပြောင်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် လွှဲပြောင်းသည့် စာချုပ်စာတမ်းကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်-

(က) ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းနှင့် လဲလှယ်ခြင်း၊

(ခ) ရောင်းချခြင်း၊

(ဂ) နောက်ဆုံးအတည်ဖြစ်သည့် တရားရုံး၏ အမိန့် သို့မဟုတ် ဒီကရီအရ ပိုင်ဆိုင်ခွင့် လွှဲပြောင်းခြင်းနှင့်လွှဲအပ်ခြင်း။

၂၁။ (က) တည်ထောင်သူသည် သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သည့် စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံအဖြစ် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်သည့် စာချုပ်စာတမ်းအတွက် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ထားသည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်။

(ခ) ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် အိမ်ခန်းကို လွှဲပြောင်းလက်ခံရရှိသူသည် လွှဲပြောင်းသည့် စာချုပ်စာတမ်းအတွက် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ထားသည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်။

၂၂။ ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းသည့် စာချုပ်စာတမ်းများကို မှတ်ပုံတင်သည့်အခါ -

(က) လွှဲပြောင်းလက်ခံရရှိသော စုပေါင်းပိုင်သူသည် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခကို ပေးဆောင်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းများကို သီးခြားမှတ်ပုံတင်စာအုပ်ဖွင့်လှစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ အိမ်ခန်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၂၃။ စုပေါင်းပိုင်သူသည် မိမိပိုင်အိမ်ခန်းကို ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းပြီးနောက် လွှဲပြောင်းသည့် စာချုပ်စာတမ်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်ပြီးမှ မှတ်ပုံတင်လျှင် မှတ်ပုံတင်ခအပြင် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်သော ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

## အခန်း (၇)
## တည်ထောင်သူများ၏ အခွင့်အရေးနှင့်တာဝန်များ

၂၄။ တည်ထောင်သူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပူးတွဲတည်ထောင်သူ ခန့်အပ်ဆောင်ရွက်နိုင်ခြင်း၊

(ခ) စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်မပြီးမီ အိမ်ခန်းများကို ကြိုတင်ရောင်းချနိုင်ခြင်း၊

(ဂ) စုပေါင်းပိုင်အဆောက်အအုံ၏ ၄၀ ရာခိုင်နှုန်းထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသားများအား ဤဥပဒေနှင့်အညီ ရောင်းချနိုင်ခြင်း။

၂၅။ တည်ထောင်သူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင်သာ စုပေါင်းပိုင်အဆောက်အအုံကို ဆောက်လုပ်ခြင်း၊

(ခ) သတ်မှတ်ထားသော အနည်းဆုံး မတည်ငွေရင်းရှိရမည့်အပြင် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) စုပေါင်းပိုင်မြေကို သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်၍ စုပေါင်းပိုင် အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခြင်း၊

(င) စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်လိုပါက စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံ တစ်ခုဖြစ်ရန် လိုအပ်သော အထောက်အထားများနှင့်အတူ မြေနှင့်အဆောက်အအုံပုံစံ စုပေါင်းပိုင် မြေနှင့် စုပေါင်းပိုင်အဆောက်အအုံတွင် ပါရှိမည့် စုပေါင်းပိုင်ပစ္စည်းများနှင့် မူလအချိုးသင့် ပိုင်ဆိုင်မှုအစုတန်ဖိုးတို့ကို ပူးတွဲတင်ပြ၍ ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားခြင်း၊

(စ) ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်ပြီးသော စုပေါင်းပိုင်မြေတွင် စုပေါင်းပိုင်အဆောက်အအုံကို သတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ခြင်း၊

(ဆ) စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ တည်ဆဲဥပဒေများနှင့်အညီ နေထိုင်ခွင့်ရရှိပါက စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခြင်း၊

(ဇ) ပူးတွဲတည်ထောင်သူနှင့်သက်ဆိုင်သော အကြောင်းအရာများကို စီမံခန့်ခွဲရေးကော်မတီသို့ အကြောင်းကြားခြင်း၊

(ဈ) အိမ်ခန်းကို နိုင်ငံခြားသားအား ရောင်းချလျှင် စတင်ရောင်းချသည့်အချိန်တွင် မှတ်ပုံတင်အရာရှိထံ အကြောင်းကြားခြင်း၊

(ည) အိမ်ခန်းကို နိုင်ငံခြားသားအားရောင်းချလျှင် နိုင်ငံခြားမှ တရားဝင်ငွေလွှဲပို့သော နိုင်ငံခြားငွေ ဖြင့်သာ ရောင်းချခြင်း၊

(ဋ) စုပေါင်းပိုင်အဆောက်အအုံကို သတ်မှတ်စံချိန်စံညွှန်းနှင့် ညီညွတ်စေရန်လည်းကောင်း၊ သတ်မှတ် ထားသည့် အဆောက်အအုံအစိတ်အပိုင်းများ ပြည့်စုံစွာပါရှိစေရန်လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဌ) စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံအဖြစ် မှတ်ပုံတင်သည့် စာချုပ်စာတမ်းအတွက် တည်ဆဲဥပဒေနှင့်အညီ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်း။

## အခန်း (၈)

## စုပေါင်းပိုင်သူများ၏ အခွင့်အရေးနှင့်တာဝန်များ

၂၆။ စုပေါင်းပိုင်သူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင် အရာရှိထံတွင် မှတ်ပုံတင်ခွင့်ရှိသည်။ အိမ်ခန်းပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းလက်ခံရရှိသူအမည်သို့ ပြောင်းလဲခွင့်ရှိသည်။

(ခ) ဤဥပဒေနှင့်အညီ အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်ပြီးသည့်အခါ အိမ်ခန်းကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည်။

(ဂ) အိမ်ခန်းကို နိုင်ငံသားအား တည်ဆဲဥပဒေနှင့်အညီ ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်၊ စွန့်လွှတ်ခွင့်၊ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်၊ အမွေဆက်ခံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များရှိသည်။

(ဃ) (၁) အိမ်ခန်းကို နိုင်ငံခြားသားအား တည်ဆဲဥပဒေနှင့်အညီ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များရှိသည်။

(၂) စုပေါင်းပိုင်အဆောက်အအုံ၏ ၄၀ ရာခိုင်နှုန်းထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသား များအား ဤဥပဒေနှင့်အညီ ရောင်းချနိုင်ခွင့်ရှိသည်။

(င) အိမ်ခန်းကို ဘဏ်တွင် ပေါင်နှံခွင့်ရှိသည်။

(စ) အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ရယူ၍ မိမိပိုင်အိမ်ခန်း၏အတွင်းပိုင်းကို စုပေါင်းပိုင်အဆောက်အအုံ၏မူလပုံစံနှင့်ခိုင်ခံ့မှုကို မထိခိုက်စေဘဲ မိမိ၏စရိတ်ဖြင့် ပြုပြင်မွမ်းမံခွင့်နှင့် အသေးစားပြင်ဆင်ခွင့်များရှိသည်။

(ဆ) အသင်း၏ရန်ပုံငွေကို စုပေါင်းပိုင်သူအားလုံးနှင့်အတူ သက်ဆိုင်ခွင့်ရှိသည်။

(ဇ) စုပေါင်းပိုင်မြေကို အမှုဆောင်အဖွဲ့၏ခွင့်ပြုချက်ဖြင့် သာရေးနာရေးကိစ္စအတွက် ယာယီအသုံးပြုခွင့်ရှိသည်။

(ဈ) အသင်း၏ နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် အသင်းသားစုံညီအထူးအစည်းအဝေးများသို့ တက်ရောက်ခွင့်၊ အကြံပေးခွင့်၊ အဆုံးအဖြတ် တစ်ခုခုအတွက် မဲပေးခွင့်၊ အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ပိုင်ခွင့်ရှိသည်။

၂၇။ စုပေါင်းပိုင်သူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မိမိ၏မူလအချိုးသင့်ပိုင်ဆိုင်မှုအစုတန်ဖိုးအလိုက် အချိုးကျသတ်မှတ်ထားသော ရန်ပုံငွေကို ထည့်ဝင်ရမည်။ မိမိပိုင်ဆိုင်သည့် အိမ်ခန်းကို အငှားချထားခြင်းဖြစ်လျှင် အငှားချထားခြင်းခံရသူနှင့် သီးခြားသဘောတူညီချက်မရှိပါက မိမိကသာလျှင် ရန်ပုံငွေကို ထည့်ဝင်ရမည်။

(ခ) စုပေါင်းပိုင်အဆောက်အအုံနှင့် စုပေါင်းပိုင်ပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံ သန့်ရှင်းရေးနှင့် လုံခြုံရေးစနစ်ကောင်းမွန်စေရေးအတွက်လည်းကောင်း စုပေါင်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။

(ဂ) မိမိပိုင်အိမ်ခန်းကို ငှားရမ်းခြင်း၊ ပေါင်နှံခြင်းနှင့်တစ်ဦးဦးအား ခွင့်ပြုချက်ဖြင့်ထားခြင်းပြုပါက အမှုဆောင်အဖွဲ့သို့ အသိပေးရမည်။

(ဃ) အိမ်ခန်းကို ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းမပြုမီ သတ်မှတ်ချက်များနှင့်အညီ အမှုဆောင်အဖွဲ့သို့ ကြိုတင်အသိပေးရမည်။

(င) မိမိကြောင့်ဖြစ်စေ၊ အငှားချထားခြင်းခံရသူကြောင့် ဖြစ်စေ၊ အိမ်ခန်းကို အပေါင်ခံ၍ လက်ရောက်ရယူထားသူကြောင့်ဖြစ်စေ၊ မိမိ၏ခွင့်ပြုချက်ဖြင့် နေထိုင်သူကြောင့်ဖြစ်စေ စုပေါင်းပိုင်အဆောက်အအုံသို့မဟုတ် စုပေါင်းပိုင်ပစ္စည်းပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက ထိုသူများနှင့် သီးခြားသဘောတူညီချက်မရှိလျှင် မိမိ၌သာ တာဝန်ရှိသည်။

(စ) မိမိ၏အိမ်ခန်းအတွင်းပိုင်းကို အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြုပြင်မွမ်းမံခြင်း၊ အသေးစားပြင်ဆင်ခြင်းပြုရာတွင် အဆောက်အအုံ၏ မူလပုံစံနှင့်ခိုင်ခံ့မှုကို မထိခိုက်စေရ။

(ဆ) အမှုဆောင်အဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် အိမ်ခန်းကို အခြားနည်းသုံးစွဲခြင်း ပြုနိုင်သည်။

## အခန်း (၉)

## စုပေါင်းပိုင်အဆောက်အအုံကို ဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်ခြင်း

၂၈။ စုပေါင်းပိုင်အဆောက်အအုံတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို မိမိတို့၏ ဆန္ဒအလျောက်ဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်လိုလျှင် အသင်း၏ အသင်းသားစုံညီအစည်းအဝေး သို့မဟုတ် အသင်းသားစုံညီအထူးအစည်းအဝေးတွင် အသင်းဝင် ၇၅ ရာခိုင်နှုန်း၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၂၉။ (က) အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၈ အရ ချမှတ်သော သဘောတူဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(ခ) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် တင်ပြချက်ကိုစိစစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်း၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်ရရှိပါက သက်ဆိုင်သူများသိရှိနိုင်ရန် သတင်းစာတွင် ကြေညာရမည်။

၃၀။ (က) အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက အတည်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ယင်းအတည်ပြုချက်မိတ္တူနှင့် အသင်းသားစုံညီအစည်းအဝေး သို့မဟုတ် အသင်းသားစုံညီ အထူးအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်မိတ္တူတို့ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာမှတ်ပုံတင်စာအုပ်တွင် လိုအပ်သော ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ရမည်။

၃၁။ (က) အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်နှင့်အညီ စုပေါင်းပိုင်အဆောက်အအုံကို အသစ်ပြန်လည်ဆောက်လုပ်ရာတွင်လည်းကောင်း၊ စုပေါင်းပိုင် အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ဖြိုဖျက်ပြီး မူလပုံစံအတိုင်း အသစ်ပြန်လည်ဆောက်လုပ်ရာတွင်လည်းကောင်း ယင်းစုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင် အဆောက်အအုံမှ ဖယ်ရှားပေးရန် ပျက်ကွက်သူများ၏စာရင်းကို ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လုံခြုံရေးအတွက် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို ရယူဖယ်ရှားနိုင်သည်။

၃၂။ (က) စုပေါင်းပိုင်အဆောက်အအုံသည် ဘေးအန္တရာယ်ရှိသော အဆောက်အအုံအဖြစ် သက်ဆိုင်ရာက သတ်မှတ်လာလျှင် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ ဖြိုဖျက်ရမည်။

(ခ) ထိုသို့ ဖြိုဖျက်ခဲ့သည့် စုပေါင်းပိုင်မြေအပေါ်တွင် စုပေါင်းပိုင်အဆောက်အအုံအဖြစ် ပြန်လည် ဆောက်လုပ်ခြင်း သို့မဟုတ် အခြားနည်း အသုံးပြုခြင်းများကို သတ်မှတ်သည့် နည်းလမ်းများ နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်တစ်ခုခုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းငါးဆယ် အထိ ငွေဒဏ်ချမှတ်ရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၂၀ အရ အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်နှစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၃ နှင့် ၃၄ တို့အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက် ထိုပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထိုသူကို ကျူးလွန်သည့်နေ့အသီးသီးအတွက် ထိုပြစ်မှုတွင် ပြဋ္ဌာန်းထားသော အများဆုံးချမှတ်နိုင်သည့် ငွေဒဏ်၏ ၁၀ ရာခိုင်နှုန်း ချမှတ်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၃၆။ ဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံ ယာယီကြီးကြပ်မှုအဖွဲ့နှင့် အသင်းဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်ကော်မတီဖွဲ့စည်းခြင်း ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၇။ စီမံခန့်ခွဲရေးကော်မတီ၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနမှ တာဝန်ခံဆောင်ရွက်ရမည်။

၃၈။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၂၃ အရ ဒဏ်ကြေးပေးဆောင်ရန် ပျက်ကွက်သူထံမှ ယင်းဒဏ်ကြေးကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသို့ ပေးသွင်းရမည်။

(ခ) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) အရ အချိုးကျသတ်မှတ်ထားသည့် ရန်ပုံငွေကို ထည့်ဝင်ရန် သုံးလထက်မနည်း ပျက်ကွက်လျှင် သို့မဟုတ် ထည့်ဝင်ရန် ငြင်းဆန်လျှင် ပျက်ကွက်သူထံမှ ယင်းရန်ပုံငွေကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

**နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ
## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ ရာထူးသက်တမ်းကုန်ဆုံးသည်အထိ တာဝန်ထမ်းဆောင်ခဲ့သူကို ဆိုသည်။

(ခ) **ကိုယ်ရံတော်**ဆိုသည်မှာ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူအား တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် လက်ရောက်မှုပြုခြင်းတို့မှ အကာအကွယ်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနက ခန့်အပ်သူကို ဆိုသည်။

(ဂ) **လုံခြုံရေးအဖွဲ့**ဆိုသည်မှာ ကိုယ်ရံတော်ဦးဆောင်သည့် ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော တပ်ဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ အသက်အန္တရာယ်နှင့် ကိုယ်ကာယကို ထိခိုက်ခြင်းမှ ကြိုတင်ကာကွယ်ရေး သို့မဟုတ် ကာကွယ်နိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူအား မိသားစုနှင့်အတူ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်စေရန်၊

(ဂ) နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ပြီးနောက်ပိုင်းတွင် ထိုတာဝန်ထမ်းဆောင်စဉ်က ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့မှကာကွယ်နိုင်ရန်။

## အခန်း (၃)
## နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူအား လုံခြုံရေးအကာအကွယ်ပေးခြင်း

၄။ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးအတွက် အကာအကွယ်ပေးရန် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းသူတစ်ဦးကို ကိုယ်ရံတော်အဖြစ် ညှိနှိုင်းခန့်အပ်ရမည်။

၅။ ကိုယ်ရံတော်၏ လစာနှင့် စရိတ်များကို ပြည်ထဲရေးဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၆။ (က) နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူသည် ကိုယ်ရံတော်ကို မည်သည့်အချိန်တွင်မဆို ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားနိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူက ပုဒ်မခွဲ (က) အရ အကြောင်းကြားလျှင် ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရမည်။

၇။ (က) ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ ကိုယ်ရံတော်အဖြစ်မှ ရပ်စဲပါက နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူသည် လစ်လပ်သွားသော ကိုယ်ရံတော်၏ နေရာတွင် ကိုယ်ရံတော်တစ်ဦး ဖြည့်စွက်ခန့်ထားရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အမည်စာရင်းတင်သွင်းနိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူက ပုဒ်မခွဲ (က) အရ အမည်စာရင်းတင်သွင်းသူကို ကိုယ်ရံတော်အဖြစ် ခန့်အပ်ရမည်။

၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူကိုလည်းကောင်း၊ ယင်း၏ နေအိမ်နှင့် ပရိဝုဏ်ကိုလည်းကောင်း ကာကွယ်စောင့်ရှောက်ရန် လုံခြုံရေးအဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၉။ ကိုယ်ရံတော်သည် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ ပြည်တွင်း၌ သွားလာသည့်အခါ မိမိနှင့်အတူ သင့်လျော်သော လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်များကို ခေါ်ဆောင်လိုက်ပါစေလျက် ကာကွယ်စောင့်ရှောက်ရမည်။

## **အခန်း (၄)**
## **နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ ဆောင်ရွက်ချက်အပေါ် အကာအကွယ်ပေးခြင်း**

၁၀။ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူအား နိုင်ငံတော်သမ္မတအဖြစ် ထမ်းဆောင်ခဲ့သည့် ကာလအတွင်း တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ယင်းအား တရားစွဲဆိုခြင်းနှင့် အရေးယူခြင်းတို့ မရှိစေရ။

## **အခန်း (၅)**
## **အထွေထွေ**

၁၁။ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူသည် ဤဥပဒေ အခန်း (၃) အရ လုံခြုံရေးအကာအကွယ်ပေးခြင်းကို နိုင်ငံတော်သမ္မတ ရာထူးသက်တမ်းကုန်ဆုံးသည့် နေ့ရက်မှစ၍ ခံစားခွင့်ရှိသည်။

၁၂။ ပြည်ထဲရေးဝန်ကြီးဌာနသည် လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်များ ကိုင်ဆောင်အသုံးပြုရန် သင့်လျော်သော လက်နက်ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ တပ်ဆင်ပေးရမည်။

၁၃။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်များကို လိုအပ်သလို ပြောင်းရွှေ့နေရာချထားခြင်း ပြုနိုင်သည်။

၁၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်)

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဈ) အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ယှဉ်တွဲပါ မဲဆန္ဒနယ်များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာများ လစ်လပ်ကြောင်း ကြေညာအပ်ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|---|
| ၁။ | ဒေါ်အောင်ဆန်းစုကြည် | ကော့မှူး | ရန်ကုန် |
| ၂။ | ဦးသန့်စင်မောင် | မုံရွာ | စစ်ကိုင်း |
| ၃။ | ဦးသိန်းဆွေ | အမ်း | ရခိုင် |
| ၄။ | ဦးကျော်ဝင်း | ဒဂုံမြို့သစ်(ဆိပ်ကမ်း) | ရန်ကုန် |
| ၅။ | ဒေါက်တာသန်းမြင့် | လှိုင်သာယာ | ရန်ကုန် |

(ပုံ) ဝင်းမြင့်

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်)

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်းကြေညာခြင်း

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဒေါ်ခင်ဌေးကြွယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ချောင်းဆုံ မဲဆန္ဒနယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၀ ပုဒ်မခွဲ (က) အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ယင်းမဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ) ဝင်းမြင့်

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက် )

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား အဖွဲ့ဝင် ဦးအောင်ကြည်ညွန့်က အမျိုးသားလွှတ်တော်သို့ တင်သွင်းသော **"နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ (မူကြမ်း)

**(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် / ၂၀၁၆ )**

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးလျက် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန်လည်းကောင်း၊ ပြည်သူများ လိုလားတောင့်တနေကြသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်နိုင်ရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်က ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **"နိုင်ငံတော်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုလိုသည်။

(ခ) **"အတိုင်ပင်ခံပုဂ္ဂိုလ်"** ဆိုသည်မှာ အခန်း (၂) ပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုလိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ (က) ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် ပီပြင်ရေး။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး။

(ဃ) ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး။

## အခန်း (၃)
## တာဝန်ပေးအပ်ခြင်း

၄။ ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ၏ ယုံကြည်အားကိုးမှုဖြင့် တစ်ခဲနက်ထောက်ခံမဲရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည်။

## အခန်း (၄)
## တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ

၅။ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများအတွက် အကြံပြုချက်များ ပေးရမည်။

(ခ) အကြံပြုချက်များ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်။

(ဂ) အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(ဃ) အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရာထူးအလျောက်ရရှိသည့် လစဉ်ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့် အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

(င) အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ခွဲဝေသတ်မှတ်ထားရှိရမည်။

## အခန်း (၅)
## အထွေထွေ

၆။ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

၇။ ဤဥပဒေသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းကာလတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတော်သမ္မတ၏ သက်တမ်းကာလအတွက်သာ ဖြစ်စေရမည်။

၈။ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## အမိန့်ကြော်ငြာစာအမှတ် (၈၁၈/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မိုင်းပျဉ်းမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဦးဇော်လင်းမောင် (တ/၂၉၀၀) အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများအား တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ခရိုင်တရားမ တရားသူကြီး၏ အာဏာများကို အပ်နှင်းလိုက်သည်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီးများနှင့် ခရိုင်တရားသူကြီးများအား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်အတွင်း ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၃၂ (၁) အရ တင်သွင်းသောလျှောက်လွှာကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းလိုက်သည်။

၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများအား တန်ဖိုးကျပ်သိန်း ၁၀၀၀၀ ထက်မပိုသည့် တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများရှိ အောက်ဖော်ပြပါ တရားသူကြီးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့်အတိုင်း တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် တရားမ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းခံရသောတရားသူကြီး** | **အပ်နှင်းသည့်တရားမစီရင်ပိုင်ခွင့်အာဏာ** |
|---|---|---|
| (က) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး၊ ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီး | တန်ဖိုးကျပ်သိန်း ၁၀၀၀၀ ထက်မပိုသည့် တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |
| (ခ) | ဒုတိယခရိုင်တရားသူကြီး | တန်ဖိုးကျပ်သိန်း ၅၀၀၀ ထက်မပိုသည့် တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |

၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီးများနှင့် ခရိုင်တရားသူကြီးများအား အောက်ဖော်ပြပါအတိုင်း ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် တရားမ အယူခံစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းခံရသောတရားသူကြီး** | **အပ်နှင်းသည့်တရားမစီရင်ပိုင်ခွင့်အာဏာ** |
|---|---|---|
| (က) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး၊ ခရိုင်တရားသူကြီး | မြို့နယ်တရားရုံးက တရားမ မူလမှု သို့မဟုတ် မူလမှုခင်းတွင် ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်အပေါ် အယူခံမှုကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |
| (ခ) | တွဲဖက်ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီး | ခရိုင်တရားသူကြီးက လွှဲအပ်သည့် တရားမ အယူခံမှုများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |

၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး သို့မဟုတ် ခရိုင်တရားသူကြီးသည် မိမိကလွှဲအပ်ထားသောအမှုကို ပြန်လည်တောင်းခေါ်၍ မိမိကိုယ်တိုင် စီရင်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်အဆင့် အခြားတရားသူကြီးတစ်ဦးအား စီရင်ရန်အတွက် လွှဲအပ်ခြင်းလုပ်ပိုင်ခွင့်များ ကျင့်သုံးနိုင်သည်။

၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး၊ ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီးနှင့် ဒုတိယခရိုင်တရားသူကြီးများသည် မိမိစီရင်ပိုင်ခွင့်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်အတွင်း တရားရုံးတစ်ရုံးမှ အခြားတရားရုံးတစ်ရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်နိုင်သည်။

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၁ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၀/၂၀၁၁) နှင့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၂၉/၂၀၁၂) တို့ကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၅

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် )

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဖွဲ့စည်းပုံတိုးချဲ့ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၄) မှ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ဖွဲ့စည်းပုံအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး၊ ကော်မရှင်ရုံးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၁၅) ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၆) ရုံး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၇၂) ရုံး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၃၃၀) ရုံးတို့ဖြင့် အရာထမ်းရာထူး (၆၀၇) နေရာ၊ အမှုထမ်းရာထူး (၁၈၄၆) နေရာ၊ စုစုပေါင်းရာထူး (၂၄၅၃) နေရာဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရှမ်းပြည်နယ်(မြောက်ပိုင်းရုံးခွဲ-လားရှိုးမြို့) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းရုံးခွဲ-ကျိုင်းတုံမြို့) တို့ကို ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရုံးခွဲ (၂) ရုံး အဖြစ်လည်းကောင်း၊ ဖွဲ့စည်းရန်ကျန်ရှိနေသည့် လောက်ကိုင်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို လည်းကောင်း တိုးချဲ့ဖွဲ့စည်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသနှင့်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးများတွင် ယာဉ်မောင်း (၅) ရာထူး (၁) နေရာစီ ဖြည့်စွက်ဖွဲ့စည်းရန် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၁၅) မှ သဘောတူခွင့်ပြုပြီးဖြစ်ပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ဖွဲ့စည်းပုံအား အရာထမ်းရာထူး (၆၁၁) နေရာနှင့် အမှုထမ်းရာထူး (၁၉၄၁) နေရာ၊ စုစုပေါင်း (၂၅၅၂) နေရာဖြင့် တိုးချဲ့ဖွဲ့စည်းလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၈၀/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးနောင်နဂျာတန် | ၁/တနန(နိုင်)၀၀၀၇၁၇ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးမင်းဆွေနိုင် | ၁/မညန(နိုင်)၀၃၀၂၈၆ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးဝင်းဇော် | ၁/မညန(နိုင်)၁၁၂၅၆၀ | အမှတ်(၇) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဒေါက်တာခင်မကြီး | ၁/မကတ(နိုင်)၀၀၈၃၉၅ | အမှတ်(၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးသိန်းလွင် | ၁၄/ပသန(နိုင်)၁၄၈၀၇၈ | အမှတ်(၁၀) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဒေါက်တာခွန်ဝင်းသောင်း | ၁/မမန(နိုင်)၀၁၃၇၂၃ | အမှတ်(၁၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၇) | ဦးစိုင်းသန်းနိုင် | ၃/ဖပန(နိုင်)၀၀၀၉၁၇ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဒေါ်နန်းနီနီအေး | ၃/ဘအန(နိုင်)၀၁၃၈၂၆ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဦးစောဘီစံသိန်းမြင့် | ၃/ကကရ(နိုင်)၀၄၅၄၂၇ | အမှတ်(၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဒေါက်တာမျိုးအောင် | ၃/ကကရ(နိုင်)၀၂၃၉၃၀ | အမှတ်(၁၀) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဒေါ်နော်ဆာမူထူး | ၃/ဘအန(နိုင်)၀၆၉၄၀၈ | အမှတ်(၁၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးစောယှားဖောင်အွာ | ၃/ဘအန(နိုင်)၁၆၉၈၃၁ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၁၃) | ဦးဇုန်လှယ်ထန်း | ၄/ဖလန(နိုင်)၀၀၆၃၅၇ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဒေါ်ကျိန်ငိုက်မန် | ၉/မကန(နိုင်)၀၀၀၈၁၃ | အမှတ်(၇) | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဒေါ်ခင်ဆွေလွင် | ၄/ကပလ(နိုင်)၀၀၀၄၀၁ | အမှတ်(၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁၆) | ဦးညီညီထွေး(ခ) ဦးကိုကိုလေး | ၅/ဖပန(နိုင်)၀၀၀၀၀၇ | အမှတ်(၁၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၁၇) | ဦးနိုင်သီဟ | ၁၀/သဖရ(နိုင်)၁၄၈၀၄၈ | အမှတ်(၇) | မွန်အမျိုးသားပါတီ |
| (၁၈) | ဦးမျိုးဝင်း | ၁၀/ရမန(နိုင်)၀၀၆၈၉၅ | အမှတ်(၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဒေါက်တာဇော်လင်းထွဋ် | ၁၂/မဂတ(နိုင်)၀၄၇၇၈၉ | အမှတ်(၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးစိုးသီဟ(ခ)မောင်တူး | ၁၀/ပမန(နိုင်)၀၈၇၁၉၃ | အမှတ်(၁၀) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ရခိုင်ပြည်နယ်** | | | | |
| (၂၁) | ဦးဝေစိန်အောင် | ၁၁/စတန(နိုင်)၀၁၀၉၁၆ | အမှတ်(၁) | ရခိုင်အမျိုးသားပါတီ |
| (၂၂) | ဦးကျော်သိန်း | ၁၁/မတန(နိုင်)၀၁၀၀၄၃ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးကျော်ကျော်ဝင်း | ၁၁/ပတန(နိုင်)၀၄၄၅၉၁ | အမှတ်(၈) | ရခိုင်အမျိုးသားပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၂၄) | ဦးဇော်မင်းလတ်(ခ) ဦးကိုလတ် | ၅/ရဘန(နိုင်)၀၀၁၅၀၄ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) | ဦးစိုင်းထွန်းအောင် | ၁၃/သပန(နိုင်)၀၀၄၀၄၆ | အမှတ်(၂) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၆) | ဦးစိုင်းဝမ်းလှိုင်းခမ်း | ၁၃/သနန(နိုင်)၀၂၄၃၀၁ | အမှတ်(၃) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၇) | ဦးစိုင်းအုန်းကျော် | ၁၃/ကမန(နိုင်)၀၁၆၄၅၆ | အမှတ်(၄) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၈) | ဦးစိုင်းဆာလူ | ၁၃/ကခန(နိုင်)၀၀၂၄၃၃ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ် | ၁၃/ကတန(နိုင်)၀၁၀၅၄၈ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဒေါ်မမလေး | ၁၃/ပတယ(နိုင်)၀၀၄၂၁၁ | အမှတ်(၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၁) | ဦးခွန်သိန်းဖေ | ၁၃/တကန(နိုင်)၀၉၃၃၉၂ | အမှတ်(၉) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(P.N.O)ပါတီ |
| (၃၂) | ဦးမိုင်းအုဏ်းခိုင် | ၁၃/ကမန(နိုင်)၀၀၅၆၆၉ | အမှတ်(၁၀) | တအာင်း(ပလောင်)အမျိုးသားပါတီ |
| (၃၃) | ဦးစိုင်းစံအောင် | ၁၃/ဟပတ(နိုင်)၀၀၀၄၄၈ | အမှတ်(၁၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် ၆/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

### ရခိုင်အမျိုးသားပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်း

၁။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် စစ်တွေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) မှ ရခိုင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇောဦးသည် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံခဲ့ရပါသည်။

၂။ ယခုအခါ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇောဦးက ၎င်းအား ၂၀၁၆၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ရခိုင်အမျိုးသားပါတီ၏ အဖွဲ့ဝင်အဖြစ် လက်ခံပြီးဖြစ်ပါ၍ ယင်းပါတီ၏ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် အဖြစ် သတ်မှတ်ပေးပါရန် တင်ပြလာခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ဆုံးဖြတ်ချက်အရ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇောဦးအား ၎င်းပါတီဝင် အဖြစ် ပါဝင်လျက်ရှိသည့် ရခိုင်အမျိုးသားပါတီ၏ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲ သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ၇/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | |
|---|---|---|
| ကြည်း ၄၆၉၇၇<br>ဗိုလ်ကြီး ကျော်မြတ်စိုး | အစား | ကြည်း ၅၂၂၇၇<br>ဗိုလ်ကြီး မင်းမင်းသိန်း |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၆**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

**ကိုယ်ရေးအရာရှိတာဝန်မှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် တာဝန်ပြီးဆုံးပြီဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၀/၂၀၁၃ ဖြင့် ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်အပ်ခဲ့သော ဦးသောင်းလှိုင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဥကမ (နိုင်) ၀၁၂၇၂၂] အား ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ညနေပိုင်းမှစ၍ ကော်မရှင်ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိ တာဝန်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )

အမှတ် ၁၆ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၆) ၏ သဘောတူညီချက်အရ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးကျော်သန်းထွန်းအား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

အမှတ် ၁၇ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါရာထူးနေရာသို့ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| အမည်/လက်ရှိရာထူး/ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး/ ဌာန |
|---|---|
| ဦးလှရွှေ<br>မန်နေဂျာ<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>သတင်းစဉ် (နိုင်ငံခြား)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | ခေတ္တစာတည်းမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ကိုယ်ပွား (မန္တလေး)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |

အမှတ် ၁၈ ။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်စွဲပါ စာအမှတ် ၃၄၃/၂၀၆- ရာထူးတိုးမြှင့်/အဖရ (၂၀၁၆) ၏ အကြောင်းကြားချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သတ်မှတ်ပညာအရည်အချင်း လျှော့ပေါ့၍ အထူးကိစ္စတစ်ရပ်အနေဖြင့် တိုးမြှင့်ခန့်ထားရန် သဘောတူညီထားသည့် အောက်ဖော်ပြပါ ရုပ်သံကျွမ်းကျင် (၁) အား ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရုပ်မြင်သံကြားဌာနခွဲ၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ နယ်သတင်းများဌာနစုတွင် ယင်းနှင့်ယှဉ်တွဲဖော်ပြပါရာထူးနေရာသို့ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|
| ဦးနေလင်း | ရုပ်သံကျွမ်းကျင်-၁<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (ထုတ်လုပ်ရေးမှူး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |

## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

အမှတ် ၁၉ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်း (၃) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါရာထူးနေရာသို့ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည်/လက်ရှိရာထူး/ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး/ဌာန |
|---|---|---|
| (၁) | ဦးကျော်လွင်ဦး<br>စာတည်းမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>မြန်မာ့အလင်းပုံနှိပ်တိုက်<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | စာတည်းမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ကိုယ်ပွား (စစ်တွေ)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |

| စဉ် | အမည်/လက်ရှိရာထူး/ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး/ဌာန |
|---|---|---|
| (၂) | ဦးမင်းသန့်<br>စာတည်းမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ကိုယ်ပွား (မော်လမြိုင်)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | စာတည်းမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>သတင်းစဉ် (ပြည်တွင်း)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |
| (၃) | ဦးညွှန့်ဇော်<br>စာတည်းမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ကိုယ်ပွား (မန္တလေး)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | စာတည်းမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ကိုယ်ပွား (မော်လမြိုင်)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |

## (ဝန်ကြီးရုံး)

အမှတ် ၂၀ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်း (၃) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/လက်ရှိရာထူး/ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန |
|---|---|---|
| (၁) | ဦးရဲလင်း<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ |
| (၂) | ဦးမိုးစည်သူ<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ |
| (၃) | ဦးဇာနည်စံ<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၂၁ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးသန်းလွင်အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့အထိ) ငြင်းပယ်လိုက်သည်။

အမှတ် ၂၂ ။ ။ အဆိုပါငြင်းပယ်ခဲ့သည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄)လကို (၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့အထိ) ခံစားခွင့်ပြုပြီး ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ရဲထွဋ်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ယဉ်ကျေးမှုဝန်ကြီးဌာန

# (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဝါဆို၊ ဝါကပ်၊ လထပ်၊ ရက်ငင်ကိစ္စရပ်များနှင့် သင်္ကြန်အကျ၊ အကြတ်၊ အတက် ကိစ္စရပ်များကို နှစ်စဉ် အများပြည်သူရှင်လူအပေါင်း တညီတညွတ်တည်း လိုက်နာအသုံးပြုရန်နှင့် မှန်ကန်သော ပြက္ခဒိန်တွက်ချက်ရန် **"မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဆရာတော်ဦးပညိန္ဒ (ရန်ကုန်) | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်စိန်<br>ပြက္ခဒိန်ပညာရှင် (ရန်ကုန်) | အဖွဲ့ဝင် |
| (ဂ) | ဦးမောင်သိန်းကျော်<br>ပြက္ခဒိန်နှင့်တွက်ရိုးပညာရှင် (စစ်တွေ) | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်မြင့်<br>ပြက္ခဒိန်ပညာရှင် (ရန်ကုန်) | အဖွဲ့ဝင် |
| (င) | ဦးဇော်မြင့်<br>တွက်ရိုးပညာရှင် (မန္တလေး) | အဖွဲ့ဝင် |
| (စ) | ဦးကျော်ငွေး<br>တွက်ရိုးပညာရှင် (မန္တလေး) | အဖွဲ့ဝင် |
| (ဆ) | ဦးလှဝင်း<br>တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဦးက္ကန္ဒေါဘာသ<br>ပြက္ခဒိန်ပညာရှင် (ရန်ကုန်) | အရန်အဖွဲ့ဝင် |
| (ဈ) | ဦးအောင်သန်းညွန့်<br>ပြက္ခဒိန်ကွန်ပျူတာပရိုဂရမ်ရေးဆွဲရေးပညာရှင် (ရန်ကုန်) | အရန်အဖွဲ့ဝင် |
| (ည) | ဦးဝင်းမင်းငြိမ်း<br>ပြက္ခဒိန်ပညာရှင် (မုံရွာ) | အရန်အဖွဲ့ဝင် |
| (ဋ) | ဦးမင်းသိန်း<br>ပြက္ခဒိန်ပညာရှင် (ရန်ကုန်) | အရန်အဖွဲ့ဝင် |
| (ဌ) | ဦးသန်းငွေး<br>ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ | အရန်အဖွဲ့ဝင် |

အေးမြင့်ကြူ

ပြည်ထောင်စုဝန်ကြီး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊

ယဉ်ကျေးမှုဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် ( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
**အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၆**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၄) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ **၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်၊ သောကြာနေ့မှစ၍ တိုးမြှင့်ခန့်အပ်လိုက်သည်** -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်အပ်သည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်မြတ်မြတ်နွယ် | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| (ခ) | ဦးအောင်ဖြိုးကြိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| (ဂ) | ဦးဉာဏ်ကြီးထက် | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| (ဃ) | ဦးစိုင်းတင်အောင်သိန်း | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၆)**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဌာနစုမှူး (၁၀) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ **၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်၊ သောကြာနေ့မှစ၍ တိုးမြှင့်ခန့်အပ်လိုက်သည်** -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်အပ်သည့်ရာထူး |
|---|---|---|---|
| (က) | ဦးကံငွေလင်း | ဌာနစုမှူး | လက်ထောက်ညွှန်ကြားရေးမှူး |
| (ခ) | ဦးအောင်ပြည့်ဖြိုး | ဌာနစုမှူး | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဂ) | ဒေါ်နွဲ့နွဲ့ဝင်း | ဌာနစုမှူး | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဃ) | ဒေါ်တင်တင်လှ | ဌာနစုမှူး | လက်ထောက်ညွှန်ကြားရေးမှူး |
| (င) | ဦးနေဝင်းကို | ဌာနစုမှူး | လက်ထောက်ညွှန်ကြားရေးမှူး |
| (စ) | ဦးကိုကိုကြီး | ဌာနစုမှူး | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဆ) | ဒေါ်ဖြူဖြူအောင် | ဌာနစုမှူး | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဇ) | ဒေါ်ညိုညိုအောင် | ဌာနစုမှူး | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဈ) | ဒေါ်သိန်းသိန်းသန်း | ဌာနစုမှူး | လက်ထောက်ညွှန်ကြားရေးမှူး |
| (ည) | ဒေါ်မိုးမိုးသန့် | ဌာနစုမှူး | လက်ထောက်ညွှန်ကြားရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၆)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်ဝင်းဝင်းနွယ်၊ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ **၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့နံနက်ပိုင်း**မှစ၍ ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၆)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးဇေယျာမျိုးမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ **၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့နံနက်ပိုင်း**မှစ၍ ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

အမှတ် ၂၃/၂၀၁၆ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်များအား ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၅၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှအစပြု၍ တပ်မတော်(ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) | ချစ်သိန်း | ကြည်း ၇၀၂၅၂ |
| (၂) | စိုးဝင်း | ကြည်း ၇၀၂၅၃ |
| (၃) | ချိုမြင့်ဦး | ကြည်း ၇၀၂၅၄ |

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၃ ရက် )

အမှတ် ၂၅/၂၀၁၆ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၅၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | |
|---|---|
| ခင်ဦး | ကြည်း ၇၀၂၅၅ |

အမိန့်အရ

ဗိုလ်ချုပ်လူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် ( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

In the matter of the Myanmar Companies Act

**GLOBAL MARITIME MYANMAR LIMITED**

(In Members Voluntary Winding-up)

Notice of Special Resolutions pursuant to section 206(1)

At the Extraordinary General Meeting of the Members of the Company held at No. 331 FC (2013-14) Building (5/2), Room (11), 1st Floor, Shwe Own Pin Housing, Yankin Township, Yangon, Myanmar on 27.4.2016 the following, "Special Resolutions" were passed:

**Special Resolutions:-**

1. That the Company be voluntarily wound-up by the members with effect from 27th April, 2016.

2. That U Min Lwin Oo "Certified Public Accountant" be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company to such extent and for such period as maybe necessary only for the beneficial winding-up thereof and is granted such other powers as maybe deemed fit or proper and to final winding-up the Company.

3. That all persons claiming to be creditors of the above Company are requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No. 44, 1st Floor, Bogyoke Aung San Street, Pazundaung Township, Yangon Region before 27th may, 2016.

Mr. Paul John Binks
Managing Director
GLOBAL MARITIME MYANMAR LIMITED

U Min Lwin Oo
(B.Com, C.P.A)
(Certified Public Accountant)
LIQUIDATOR

## WAH WAH TRAVELS & TOURS COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ WAH WAH TRAVELS & TOURS COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၃၀-၅-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## A E S COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ A E S COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၃၀-၅-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၁း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## KHUN-PA-OH GOLD AND MINING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ KHUN-PA-OH GOLD AND MINING COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၃၀-၅-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၂း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## NOVA GENERAL INDUSTRIES COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ NOVA GENERAL INDUSTRIES COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၃၀-၅-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

In the matter of the Myanmar Companies Act and

**KRIS-LITE (MYANMAR) LIMITED**

(in Voluntary Liquidation)

(Notice Under Section 208 E)

Notice is hereby given that the Final General Meeting of the Contributories under Section 208 E will be held at No.3, Kanbe Road, Yankin Township, Yangon, Myanmar on (30.5.2016) at 9:00 AM for the purpose of Laying before it on account of the winding up.

DAW AYE THIDAR
LIQUIDATOR
NGWE INZALY AUDIT FIRM
Room.801, Tower B, 8th Floor, 50th Street
Condominium (AMPS), Between Maha
Bandoola Road & Merchant Road, Botahtaung
Township, Yangon.

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ**

**ဆန်းသစ်နိုင် ကုမ္ပဏီလီမိတက်**

**(Sann Thit Naing Company Limited)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

**နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ**

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ မေလ (၃၀) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် မြေကွက်အမှတ် (၃၉)၊ မြေတိုင်းရပ်ကွက် အမှတ် (၆၅)၊ စက်မှုဇုန် (၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

မိမိကျော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## နိဝါန ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
## (Niwana Construction Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၀၆ (ခ) အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **နိဝါန ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်** အား (၂၅-၄-၂၀၁၆) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်ခင်စောယု (B.Com, Q, C.P.A) အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၅-၅-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြသောင်း
မန်နေးဂျင်းဒါရိုက်တာ
နိဝါန ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ခင်စောယု
(B.Com, Q, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## Hnin Tha Zin Oo Mining Co.,Ltd.

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၃၀၈ (င) အရ
ကုမ္ပဏီစာရင်းရှင်းလင်း ဖျက်သိမ်းမည်ဖြစ်ကြောင်း

**ကြေညာချက်**

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား ၂၉-၅-၂၀၁၆ ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိ (၃) ရပ်ကွက်၊ အေးရိပ်ငြိမ်လမ်း၊ အမှတ် ၄/ဘီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇)က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း
[B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D.Jap, M.P.A, M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း- ၀၁-၂၉၈၃၇၈၊ ၀၉-၅၀၀၈၅၈၃

## Ka Lu Htoo (Golden Voice) Co.,Ltd.

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီစာရင်းရှင်းလင်း ဖျက်သိမ်းမည်ဖြစ်ကြောင်း

**ကြေညာချက်**

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၂၆-၄-၂၀၁၆ ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၉-၄-၂၀၁၆ ရက်နေ့ နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

Saw Gladstone
Chairman
Ka Lu Htoo (Golden Voice) Co.,Ltd.

ဦးခင်ဝင်း
[B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D.Jap, M.P.A, M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း- ၀၁-၂၉၈၃၇၈၊ ၀၉-၅၀၀၈၅၈၃

## WILHELMSEN MARINE PERSONNEL (MYANMAR) CO.,LTD.

Notice Under Section 206(1) of The Myanmar Companies Act
(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the Company held on (25.4.2016), the resolution that Company was wound up voluntarily and U Zin Wai (Certified Public Accountant) was appointed as a Liquidator was passed on Extraordinary General Meeting Resolution. For above resolution, all persons claiming to be creditors of the above Company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below at the day on (24.5.2016) or before that day.

MR. CARL CHRISTIAN SCHOU
MANAGING DIRECTOR
WILHELMSEN MARINE PERSONNEL
(MYANMAR) CO.,LTD.

U ZIN WAI (B.Com, CPA)
Certified Public Accountant
Liquidator
No. (295), (1st Floor), Anawrathar Road,
Lanmadaw Township, Yangon.

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၂၉-၄-၂၀၁၆။